# ကယ်တင်ရှင်

## Saved from Who Knows What

"ဘွားဘွား – ကားမမောင်းခင် ဘာဖြစ်လို့ အမြဲတန်းဆုတောင်းတာလဲဟင်" ရှစ်နှစ်အရွယ်ရှိသော ကျွန်မ၏ မြေးယောကျ်ားကလေးက မေးလိုက်ခြင်းဖြစ်ပါသည်။ ကျွန်မတို့သည် သူ၏ဦးလေး၊ သူ၏ညီအစ်ကိုမောင်နှမ ဝမ်းကွဲများနှင့်အတူ ပင်လယ်ကမ်းခြေသို့ အပန်းဖြေခရီးထွက်ကြခြင်းဖြစ်ပြီး မြေးကလေးနှစ်ဦးကို ကားနောက်ခန်းတွင်တင်ကာ မိုးကြီးလေကြီးထဲရှိ ၅နာရီခရီးကို ကျွန်မက ကားမောင်း၍ စတင်ထွက်ခွာရမည်ဖြစ်သည်။

"ဘွားဘွားက ကားမောင်းရတဲ့အလုပ်ကို အကြောက်ဆုံးပဲ" သူ့ကိုပြောပြလိုက်သည်။ ဆက်၍ "ဘွားဘွား ဆုမတောင်းဘဲ ကားမမောင်းခဲ့ဖူးဘူး။ ထမင်းဟင်းမချက်ခင် ဒါမှမဟုတ် စာတစ်စောင်မရေးခင် ဒါမှမဟုတ် လမ်းလျှောက်မထွက်ခင်မှာ ဆုတောင်းဖြစ်ချစ်မှ ဆုတောင်းဖြစ်ပေမဲ့ ကားမမောင်းခင်မှာတော့ ဆုတောင်းဖို့ကို ဘယ်တော့မှမမေ့ဘူး။ ဘွားဘွားနဲ့ ကားပေါ်မှာပါတဲ့သူတွေကို အကာအကွယ်ပေးဖို့ စောင့်ရှောက်ဖို့ ဂျီးဆက်ကိုပဲ ဘွားဘွားအားကိုးတယ်။ ကားစီးရင်း ဘာဖြစ်မယ်ဆိုတာ သားမသိနိုင်ဘူးလေ" ဟုရှင်းပြလိုက်ပါသည်။

ပင်လယ်ကမ်းခြေသို့ ထွက်ခွာခဲ့သော ခရီးသည်အောင်မြင်ချောမွေ့ခဲ့ပါသည်။ မိုးရွာသည့်ကြားမှပင် ပျော်ရွှင်ကြည်နူးခဲ့ကြရပါသည်။ သို့ဖြင့် အိမ်မှထွက်လာပြီး ၂မိုင်ခန့်အရောက်တွင် ကျွန်မတို့ ရှေ့ခပ်လှမ်းလှမ်း၌ တစ်စုံတစ်ယောက်က အဝေးပြေးကားလမ်းမကြီးပေါ်သို့ ပြေးတက်လာသောကြောင့် မိုးရေထဲတွင် အရှိန်ဖြင့်မောင်းလာသောကားက အရှိန်မထိန်းနိုင်ဘဲ နှစ်ပတ်ခန့်လည်ထွက်သွားသည်။ ကျွန်မလည်း ရုတ်ချည်းပင် နောက်မှပါလာသော ကားများကို သတိပေးရန် အချက်ပြမီးကိုဖွင့်၊ ကားဘရိတ်ကို အားကုန်ဆောင့်နင်းလိုက်မိသည်။ ထိခိုက်မှုမရှိဘဲ အသက်အောင့်၍ ငြိမ်သက်စွာဆုတောင်းလိုက်မိသည်။ လည်ထွက်သွားသောကားသည် ကားလမ်းဘေးတွင် တစ်ဝက်ကားလမ်းပေါ်တွင်တစ်ဝက်ဖြင့် ကန့်လန့်ဖြတ်၍ ရပ်သွားသည်။ တစ်စက္ကန့် နှစ်စက္ကန့်မျှ နောက်ကျသွားလျှင် ကျွန်မကားသည် ထိုကားကိုတိုက်မိမည်မှာ သေချာပေသည်။ ယခုမူ ကျွန်မ၏ကားသည် ထိုကားနှင့် လက်မအနည်းငယ်မျှအလိုတွင် တိတိကျကျရပ်သွားခဲ့သည်။

"တွေ့တယ်မဟုတ်လား သားတို့" ပင့်သက်ချနိုင်သောအခါတွင်မှ ကျွန်မ၏မြေးများကို မေးလိုက်မိသည်။

"ဟုတ်ကဲ့ ဘွားဘွား။ သားတို့ ကားတိုက်တော့မလို့နော်။ ဒါပေမဲ့ သားတို့ကားက မတိုက်ဘူးဆိုတာသိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘွားဘွားက ဆုတောင်းလို့ပေါ့"

ဂျေးဆက်သည် ကျွန်တို့အား အချိန်တိုင်းတွင် သူစောင့်ကြည့်နေပြီး ကျွန်မတို့၏ ဆုတောင်းခြင်းကြောင့် ကျွန်မတို့ကို ကယ်တင်ရန် အသင့်ရှိနေကြောင်း သတိပေးသည့်အနေဖြင့် သူ့တွင်အရန်သင့်ရှိနေသော ဒုက္ခကို ကျွန်မတို့အား သိမြင်ခွင့်ပေးခြင်းဖြစ်သည်ဟု တစ်ခါတစ်ရံ ကျွန်မတွေးကြည့်မိသည်။ မည်သို့သော အန္တရာယ်ကို အရန်သင့်ဆောင်ထားကြောင်းကိုမူ နိဗ္ဗာန်ဘုံမှသာလျှင် သိပေလိမ့်မည်။ ကားမောင်းရင်းဖြစ်စေ၊ ဘဝတစ်လျှောက်ဖြစ်စေ၊ ကျွန်မတို့ ဂျီးဆက်နှင့်အတူ ရှိနေခြင်းသည် မည်မျှအံ့ဩဖွယ်ကောင်းသော မိတ်ကောင်းဆွေကောင်း ဖြစ်ပါသနည်း။ မည်မျှထူးဆန်းသော ကယ်တင်ရှင်ဖြစ်ပါသနည်း။

(ဂွိုက်စ်ဆတ်တင်)
(By. Joyce Suttin)

# အခက်အခဲ သို့မဟုတ် အခွင့်အလမ်း

## Stumbling Block or Stepping Stone?

ရှည်လျားလှသော တစ်နေ့တာကုန်ဆုံးပြီးနောက် ကျွန်မတစ်ဦးတည်း မောပန်းနွမ်းနယ်နေခဲ့မိသည်။ ထို့ကြောင့် ကျွန်မ၏ သူငယ်ချင်းတစ်ဦးက ညွှန်းထားသော ရုပ်ရှင်ဇာတ်လမ်းတစ်ခုကိုကြည့်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုဇာတ်လမ်းကြောင်း ကျွန်မတွင် နှလုံးတုန်ရင်တုန်ဖြစ်၍ ကျန်ရစ်ခဲ့သည်။

ထိုရုပ်ရှင်ဇာတ်လမ်းကြည့်ရန်ကိစ္စသည် သာမန်မျှသာဖြစ်သည်။ ဝတ်ပြုဆုတောင်းပြီးမှ ပြုလုပ်ရမည့် သိသာထင်ရှားသော အရေးပါသော ဆုံးဖြတ်ချက်မျိုး မဟုတ်ပေ။ အကယ်၍ ဆုတောင်းခဲ့မိလျှင်မူကား ကျွန်မ၏ စိတ်အပန်းပြေမှုအတွက် လမ်းလျှောက်ခြင်းကဲ့သို့သော အပန်းဖြေနည်းတစ်မျိုးမျိုးကို ဂျေးဆက်က ညွှန်ပြနိုင်ကောင်းပေလိမ့်မည်။ ကျွန်မ၏ မဆင်မခြင်ပြုလုပ်ခဲ့သော ဆုံးဖြတ်ချက်၏ အကျိုးဆက်အဖြစ် ထိုညက ကောင်းစွာအိပ်မပျော်ဘဲ နောက်နေ့တွင် လေးလံထိုင်းမှိုင်းနေခဲ့သည်။

နောက်တစ်နေ့နံနက်တွင်မူ ယမန်နေ့ညက ချမှတ်ခဲ့သော ကျွန်မ၏ ဆုံးဖြတ်ချက်ကို ကြီးစွာနောင်တရမိခဲ့သည်။ ထိုနောင်တဟူသော ပူပန်မှုသည် ကျွန်မ၏ ပခုံးထက်တွင် ကမ္ဘာကြီးတစ်ခုလုံး၏ ပြဿနာများကို ထမ်းပိုးထားရသကဲ့သို့ လေးလံနေပေသည်။ ကျွန်မသည် ၂နှစ်တာကာလအတွင်း ဆိုးရွားသော ယားယံသည့်ရောဂါကို ပထမဆုံးအကြိမ် ခံစားခဲ့ရသည်။ "အို ကယ်တော်မူပါ။ ဒုက္ခတွေများလွန်းလှပါပြီ။ ဘုရားသခင်ကယ်မှ ဖြစ်ပါတော့မည်" ဟု အော်ဟစ်တိုင်တည်ခြင်း မပြုမီအထိ ပြဿနာပေါင်းသောင်းခြောက်ထောင်နှင့် ကြုံတွေ့ခဲ့ရသည်။

ရုတ်တရက်ဆိုသလိုပင် ဂျီးဆက်ရောက်ရှိလာမှုနှင့် ကျွန်မအပေါ် သူ၏ခွင့်လွှတ်မှုကို ခံစားသိရှိလိုက်မိသည်။ ကျွန်မ၏ မှားယွင်းမှုများက အရာများကို သူမြင်သည့်အတိုင်း ရှင်းပြရန် ကျွန်မအား သူထံပါးသို့ ခေါ်ယူသည့် အခွင့်အရေးကို ဖြစ်ပေါ်စေခဲ့သည်။ ယမန်နေ့ညက ကျွန်မကြုံတွေ့ခဲ့ရသော အခြေအနေမျိုးကဲ့သို့သော ဘဝလမ်းကြောင်းပေါ်ရှိ ကျောက်စရစ်ခဲကလေးများကား ကျွန်မက ဘုရားသခင်ကိုကြည့်ပြီး ထို

ကျောက်စရစ်ခဲကလေးများမှ လေ့လာသင်ယူလျှင်မူ ဘဝ၏ မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကျွန်မ၏ ဘဝလမ်းကြောင်း ကောင်းမွန်ဖြောင့်ဖြူးမှုအတွက် အထောက်အပံ့များလည်း ဖြစ်ပေသည်။ ဂျေးဆက်က "တသွင်သွင်စီးဆင်းနေတဲ့ စမ်းချောင်းထဲက ကျောက်တုံး၊ ကျောက်ခဲကလေးတွေကို ဖယ်ရှားပြစ်လိုက်မယ်ဆိုရင် အဲဒီစမ်းချောင်းက သီချင်းဆိုတော့မှာ မဟုတ်တော့ဘူး" ဟု ရှင်းပြပါသည်။ ပြဿနာဟူသည် စိတ်ချမ်းသာစရာ မဟုတ်သော်လည်း ပြဿနာမရှိဘဲနှင့် ဆိုလျှင်မူ ကျွန်မသည် ဘဝ၏ပျော်ရွှင်မှုနှင့် အကျိုးစီးပွား၏ သော့ချက်ဖြစ်သော ဘုရားသခင်နှင့် ဆက်သွယ်မှုတွင် အရေးကြီးဆုံးအရာများနှင့် ဆန့်ကျင်နေသည့် သာမန်တန်ဖိုးကလေးများကိုပင် စွဲလန်းဖက်တွယ်မျောပါသွားပေလိမ့်မည်။

ထိုရုပ်ရှင်ဇာတ်လမ်း မကြည့်မီက ဆုတောင်းခဲ့လျှင် ဂျီးဆက်သည် အဆိုပါ ကျောက်တုံးကလေးများကို ဘေးသို့ဖယ်ရှားပေးပေလိမ့်မည်။ သို့သော် ရုပ်ရှင်ဇာတ်လမ်းကြည့်ပြီးမှ ဆုတောင်းခဲ့သဖြင့်လည်း ထိုကျောက်တုံးကလေးများ၏အကြောင်းကို ကျွန်မအား ရှင်းပြခြင်းဖြင့် ဘဝအောင်မြင်မှုအတွက် အနင်းခံကျောက်တုံးကလေးများအဖြစ် ပြောင်းလဲပေးနိုင်စွမ်းရှိပြန်ချေသည်။ ဝတ်ပြုဆုတောင်းခြင်းတွင် မည်သည့်အခါတွင်မျှ နောက်ကျသည်ဟူ၍ မရှိပါ။ အချိန်နှောင်းသည်ဟူ၍ မရှိပါ။

(အန်းစပရင်း)<br>(By. Anne Spring)